## 2 နေထိုင်မှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ အပြုအမူများ၊ ဓလေ့ထုံးစံများ

### 2-9 "Kan"၊ "Kon"၊ "Sou"၊ "Sai" သာရေးနာရေး

ဂျပန်မှာ သာရေးနာရေးကို "Kan"၊ "Kon"၊ "Sou"၊ "Sai"ဟု ၄မျိုးခွဲခြားထားသည်။ "Kan" သည် ရင်သွေးရတနာဂုဏ်ပြုခြင်း၊ လူလားမြောက်ခြင်းစသည့်လူ့ဘဝတွင် အထိမ်းအမှတ်ပြုရသောနေ့များကို ဂုဏ်ပြုကျင်းပခြင်းကို ဆိုသည်။ "Kon"သည် လက်ထပ်၊ မင်္ဂလာဆောင်ပွဲကိုဆိုသည်။ "Sou"သည် နာရေးနှင့် ကွယ်လွန်သူကိုရည်စူးသည့် နှစ်ပတ်လည် အခမ်းအနားကိုဆိုသည်။ "Sai"သည် နှစ်သစ်ကူး၊ "Obon" ၊ "Tanabata" ၊ "Shichigosan" စသည့် အခါကြီးရက်ကြီးကို ဆိုသည်။ဤ၄မျိုးထဲမှာ "Kon" နှင့် "Sou" နှင့်ပတ်သက်သည့်ဓလေ့ထုံးစံသည် အများဆုံးဖြစ်သည်။ အသက် ကြီးသည့်ဂျပန်မိတ်ဆွေအား ဤဓလေ့ထုံးစံများကို ကြိုတင်မေးမြန်းထားပါက အဆင်ပြေနိုင်သည်။

ရင်းနှီးသည့်မိတ်ဆွေက လက်ထပ်၊ မီးဖွား၊ အလုပ်ရ၊ ကျောင်းစဝင်ခြင်းစသည့် မင်္ဂလာရှိသည့်အခါများတွင် လက်ဆောင်ပစ္စည်း(သို့) ငွေကြေးကို ပေးကြသည်။ ငွေကြေးပေးသည့်အခါ မင်္ဂလာနေ့များအတွက်သီးသန့်လုပ်ထားသည့်စာအိတ်ထဲကိုထည့်ကာ ပေးကြသည်။

ယေဘုယျအားဖြင့် အသုဘပို့သည့်အခါ အမျိုးသားများသည် အနောက်တိုင်းဝတ်စုံအနက်နှင့် ရှပ်အင်္ကျီအဖြူကို ဝတ်သည်။ အမျိုးသမီးများသည် အနက်ရောင်ဝတ်စုံကို ဝတ်ကြသည်။ ငွေကြေးပေးသည့်အခါ "Fushugi Fukuro"ဟုခေါ်သည့်အိတ်ထဲထည့်၍ ဧည့်ကြိုကောင်တာတွင် ပေးသည်။ ကိုးကွယ်သည့်ဘာသာအလိုက် မင်္ဂလာဆောင်၊ နာရေး ကျင်းပပုံကျင်းပနည်း မတူသောကြောင့် ကြိုတင်၍ နားလည်သည့်လူနှင့် တိုင်ပင်သင့်သည်။

| အမျိုးအစား | အကြောင်းအရာ | အခမ်းအနားအသီးသီး၏ ဆောင်ရန်ရှောင်ရန် |
|---|---|---|
| "Kan" | ရင်သွေးရတနာဂုဏ်ပြုခြင်း၊ လူလားမြောက်ခြင်းစသည့် လူ့ဘဝတွင်အထိမ်းအမှတ်ပြုရသောနေ့များ | ခင်မင်ရင်းနှီးသည့်မိတ်ဆွေသူငယ်ချင်းမှာ ဂုဏ်ပြုအထိမ်း အမှတ်ပြုစရာရှိသည့်အခါ လက်ဆောင်ပစ္စည်း၊ ငွေကြေးချီးမြှင့်လေ့ရှိသည်။ ငွေကြေးကို "Iwaiyou Fukuro"ထဲ ထည့်ရန်။ |
| "Kon" | မင်္ဂလာဆောင် | ခင်မင်ရင်းနှီးသည့်မိတ်ဆွေသူငယ်ချင်းမှာ မင်္ဂလာဆောင်သည့်အခါ လက်ဆောင်ပစ္စည်း၊ ငွေကြေးချီးမြှင့်လေ့ရှိသည်။ ငွေကြေးကို |

| | | |
|---|---|---|
| | | "Iwaiyou Fukuro"ထဲ ထည့်ရန်။ |
| "Sou" | အသုဘနှင့် နှစ်ပတ်လည် | ယေဘုယျအားဖြင့် အသုဘလိုက်ပို့သည့်အခါ အမျိုးသားများသည့် ကုတ် အင်္ကျီအနက်နှင့် ရှပ် အင်္ကျီအဖြူ လည်စီးအနက်ကို၊ အမျိုးသမီးများသည် အင်္ကျီအနက်ကို ဝတ်လေ့ရှိသည်။ ငွေကြေးကို ပေးသည့်အခါ "Fushugi Fukuro" ထဲတွင်ထည့်ကာ ဧည့်ကြိုကောင်တာတွင် ပေးရန်။ |
| "Sai" | နှစ်သစ်ကူး၊ "Obon"၊ "Tanabata"၊ "Shichigosan" စသည့် အခါကြီးရက်ကြီး | |

※ဘာသာနှင့် ဒေသအလိုက် ထုံးတမ်းစဉ်လာများ ပြောင်းတတ်သည်။